# Windows မှာဖိုင်ကို ဖျက်လို့မပျက်တဲ့ ပြဿနာ။

Spyware or Adware တို့ကြောင့် ဖိုင်တွေဖျက်လို့မရတာကြုံဖူးကြမှာပါ။ဖိုင်ကိုရွေးပြီး ဖျက်တိုင်းမှာ အောက်ပါ Message Box လေးတွေကိုတွေ့ရမှာပေါ့။

-----------------------------------------------------------------------------------------

Cannot delete file: Access is denied.

There has been a sharing violation.

The source or destination file may be in use.

The file is in use by another program or user.

Make sure the disk is not full or write-protected and that the file is not currently in use.

-----------------------------------------------------------------------------------------




အထက်ပါ Message ကိုမြင်လိုက်ပြီဆိုတာနှင့် စာဖတ်သူမည်သို့ဖြေရှင်းရမည်ကို ခေါင်းပူနေမှာပါ။အောက်ပါ အတိုင်းလိုက်လုပ်ကြည့်ပါ။အခုနည်းကတော့ Windows XP မှာ Manual ဖြေရှင်းနည်းကိုရေးသားမှာဖြစ်ပါတယ်

1. Click on Start, Search, All Files and Folders ကိုရွေးပါ။
2. ဖျက်လို့မရတဲ့ ဖိုင်အမည်ကို တိကျစွာ ရိုက်ထည့်ပါ။
3. Look In box မှာ မှန်ကန်တဲ့ (ရှာလိုတဲ့) Drive Letter Name ကိုရွေးပါ။
4. ကွန်ပျူတာကိုရှာခိုင်းဖို့အတွက် Search ကိုနှိပ်ပါ။
5. ဖိုင်၏ တည်ရှိရာနေရာကိုတွေ့ရင် အဲဒီဖိုင်ပေါ်မှာ right-click နှိပ် Properties ကိုရွေးပါ။ ဖိုင်၏တည်နေရာကို မှတ်ထားပါ။ ဥပမာ c:\windows\system32\undeleteablefilesname.exe.
6. Search box ကိုပိတ်ပါ။ [ မှတ်ချက် - အဆင့် ၇ ကိုကျော်လုပ်နိုင်ပါသည်။ ]
7. Start, Run ကိုဖင်ပါ CMD ရိုက် Enter ခေါက်ပါ။( OpenCommand Prompt window)
8. ဖွင့်ထားတဲ့ Programs တွေအားလုံးကို ပိတ်ပါ။
9. နောက်တစ်ကြိမ် Start, Run ကိုဖင်ပါ CMD ရိုက် Enter ခေါက်ဖင်ပါ။ TASKMGR.EXE ကိုရိုက်ပါ Enter ခေါက်ပါ။
10. Process tab မှာ Process Named **Explorer.exe** ကိုရွေးပါ End Process ကိုရွေးပါ။
11. Task Manager Box ကို မြင်ကွင်းမှာခဏဖျောက်ထားဖို့ရန် Minimize လုပ်ထားပေးပါ။
12. Command Prompt Windows ကိုပြန်သွားပြီး ဖိုင်တည်ရှိရာ Directory ကိုအပြောင်းအလဲလုပ်ဖို့ရန် အတွက် လုပ်ဆောင်ပုံကို အောက်တွင် ကြည့်ပါ။

Windows\System32 directory သို့သွားရန် cd\windows\system32 ကိုရိုက် Enter ခေါက်ပါ။

မှတ်ချက် - **DEL Command ကိုသုံးပြီးတော့ DEL where ဖျက်လိုတဲ့ဖိုင်ရှိရာလမ်းကြောင်း။**
ဥပမာ : **del undeletabel.exe**

15. Alt+Tab ကိုရွေးပြီးတော့ ခုနက minimize လုပ်ထားတဲ့ Task Manager ကိုပြန်ဖွင့်ပါ။

16. Task Manager Windows ကိုရောက်လျှင် File Menu --- New Task --- EXPLORER.EXE ကိုရိုက်ပြီး Windows Shell ကိုပြန်လည်အလုပ်လုပ်ဖို့ရန်စတင်ပါ။

17. Task Manager ကိုပိတ်ပါ။

## Windows Defrag လုပ်ငန်းစဉ် မပြီးဆုံးနိုင်။

အဖြစ်များတာကတော့ Windows 98 တို့ Me OS တွေမှာပါပဲ။ Windows XP နှင့် Windows Vista မှာဆိုရင် ဖြေရှင်းနိုင်မည့်နည်းတွေကတော့ -

***A. Screen Save ကိုပိတ်ပါ။***

1. Right-Click on the desktop
2. Click on Properties
3. Click on the Screen Saver tab
4. Set the Screen Saver to None
5. Click OK

***B. အသုံးပြုနေသော Programs အားလုံးကိုပိတ်ပါ။***

ပိတ်လို့မရဘူးဆိုရင်တော့ Status bar မှာ Right Click နှိပ် Task Manager ကိုရွေးပါ။ Application Tab အောက်မှာ သင်ဖွင့်ထားတဲ့ program name ကိုတွေ့ရင် ရွေးချယ်ပါ ပြီးလျှင် End Task လုပ်လိုက်ပါ။

***C. Temp Files တွေ နှင့် Recycle bin ထဲရှိ ဖိုင်*** များကို Defrag မလုပ်ခင် ကြိုတင်ဖယ်ရှားထားသင့်ပါသည်။ Temp Files နှင့် Recycle bin ထဲရှိ ဖိုင်များကို manual ဖယ်ရှားနိုင်ပါသည်။ သို့မဟုတ် ccleaner software အသေးလေးကလည်း ကွန်ပျူတာရှိ မလိုအပ်သောဖိုင်များကို ဖယ်ရှားရာတွင် အသုံးပြုရလွယ်ကူ မြန်ဆန်သဖြင့် သုံးသင့်ပါသည်။ ဒေါင်လုဒ်ဆွဲလိုပါက http://www.filehippo.com/ မှာဆွဲလိုက်ပါ။

***D. Task Scheduler ကိုပိတ်ပါ။***

Defrag လုပ်နေစဉ်မှာ Task Scheduler အလုပ်လုပ်နေပါကလည်း Defrag လုပ်ငန်းစဉ်ကိုပြန်ပြန်လုပ်စေခြင်း ဖြင့် အနှောင့်အယှက်ပေးနိုင်ပါသည်။ ဘယ်လိုပိတ်မလဲဆိုတာကို

အောက်တွင်ကြည့်ပါ။

1.Click on Start, All Programs
2.Click on Accessories
3.Click on Scheduled Tasks
4.On the menu at the top of the screen, click on Advanced
5.Click on Pause Task Scheduler
6.Close all Open windows

တကယ်လို့များ Task Scheduler ကိုပြန်စချင်ပါက အဆင့် ၁ မှ ၅ အတိုင်းလိုက်နာလုပ်ဆောင်ပြီး Taks Schedule ကို Continue ပြန်ရွေးပေးပါ။

**E. Power Management ကိုပိတ်ပါ။**
သင့်ရဲ့ monitor နှင့် Hard Drive ကို power turn off လုပ်ထားမယ်ဆိုရင် Defrag လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်စွာ ပြီးမြောက်စေမှာဖြစ်ပါတယ်။ လုပ်ဆောင်ပုံမှာ-

1. Click on Start,Run
2. Type powercfg.cpl and press Enter
3. Under Power Schemes set everything to Never and click ok.

## Run Box မှာရိုက်ထားတဲ့ command တွေကိုရွေးဖျက်ရအောင်။

Run Box ကနေ Program တွေကိုဖွင့်ယူတာ အမြန်ဆုံးနည်းလမ်းတစ်ခုပါ။အဲဒီ Run Box ထဲမှာ ကိုယ်ရိုက်ထား ခဲ့တဲ့ command တွေကိုသိမ်းထားပေးပြီးတော့ နောင်တစ်ကြိမ် run box ထဲကိုဝင်ပြီး အရင်ရိုက်ထားခဲ့တဲ့ command တွေကို ပြန်ရိုက်စရာမလိုပဲ ပြန်ယူသုံးနိုင်တယ်။ဒါပေမဲ့ အဲဒီ run box ထဲမှာ ကိုယ်အမြဲ တမ်းအသုံးပြုနေရတဲ့ command နှင့် ပြန်လည်အသုံးပြုရန်မလိုအပ်သော command တွေနှင့် ရောထွေး နေပါ တယ်။ဒါဆို အသုံးမလိုတော့တဲ့ command ကိုရွေးဖျက်ပြီး အသုံးလိုတဲ့ command ကိုပဲချန်ထားချင်တယ်ဆိုရင် အောက်ပါနည်းလမ်းလိုက်လုပ်ကြည့်ပါ။ မှတ်ချက် - သမားရိုးကျဆိုရင် run box ထဲရှိ command များကိုရွေး ဖျက်လို့မရနိုင်ပါ။

1.  Start --- **Run** ကိုဖွင့်ပါ။
2. **regedit** ရိုက် Enter ခေါက်ပါ။
3. HEKY_CURENT-USER\Software\Microsoft\Windows\CurrentVersion\Explorer\RunMRU ကိုရောက်အောင်သွားပါ။
4. ညာဘက်တွင် run box ထဲတွင် သင်အသုံးပြုခဲ့သော command များထဲမှ အသုံးမလိုအပ်သော command များကို right click နှိပ် Delete or Remove ကိုရွေးချယ်ဖျက်ပစ်နိုင်ပါသည်။
5. စက်ကို restart လုပ်ရန်လိုအပ်ပါသည်။

## Windows Boot Time မြန်ဆန်အောင် လုပ်ဆောင်ခြင်း [၃]

Windows boot time ကိုနှောင့်နှေးကြန့်ကြာစေတဲ့ နောက်တစ်ခုကတော့ C:\windows\prefetch ထဲရှိဖိုင်တွေ ပါပဲ။ Prefetch Folder ထဲမှာရှိတဲ့ဖိုင်တွေဟာ သုံးနေကျ program များကို ဖွင့်ယူတဲ့အခါမှာ ပိုမိုမြန်ဆန်မှုရှိစေဖို့ အတွက် Program တွေကို ကြိုတင်ခေါ်ယူထားပေးတာပါ။
အဲဒီဖိုင်တွေများလာမယ်ဆိုရင် Windows Boot Time ကိုကြာရှည်စေမှာဖြစ်ပါတယ်။ Prefetch ဖိုဒါရှိ Prefetch ဖိုင်များကို ဖျက်ပေးရပါမည်။

နောက်တစ်နည်းမှာ-

1. Start ---- Run ---- Prefetch ရိုက် Enter ခေါက်ပါ။

2. Ctrl+A ဖြင့် all selection လုပ်ပြီး Delete နှိပ်ဖျက်နိုင်ပါသည်။